# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 20, 2020 Volume 34, Number 13


| ၂၀.၈.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၃ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၁၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၄/- ကျပ် |
| CBM Rate | = ၁၃၆၂.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၃.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၄.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၆.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၆.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၅.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၆.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၃၆၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ့မုန့်ပဲသရေစာများဖြင့် တရုတ်ဈေးကွက်သို့ ထိုးဖောက်ရန်စီစဉ်နေ




နှစ်နိုင်ငံသဘောတူညီချက်အရ ပို့ကုန်အမယ်သစ်များအဖြစ် မြန်မာနိုင်ငံ ထွက်မုန့်ပဲသရေစာ (သွားရည်စာ) များကို တရုတ်ဈေးကွက်သို့ ထိုးဖောက်တင်ပို့သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံရုံး (ပေကျင်းမြို့) က ဩဂုတ်လ ၁၈ ရက်တွင် ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံ သံရုံး၊ ပေကျင်းမြို့ တာဝန်ရှိသူတဦးက "အသင့်စား စားသောက်ကုန်တွေ တရုတ်ဈေးကွက်ကို ဝင်ရောက်နိုင်ရေးအတွက် ဟိုဘက်ဒီဘက် ဆက်သွယ်ပေးမယ်ပေါ့။ ပေကျင်း၊ စန်းယမြို့၊ ချန်ဒူးမြို့တို့စတဲ့နေရာတွေမှာလည်း ခင်းကျင်းလို့ရတယ်။ ဒါတွေကို ဆက်သွယ်ပေးမယ်ဆိုပြီး လုပ်ငန်းရှင်တွေသိအောင် ထုတ်ပြန်ပေးလိုက်တာပါ" ဟု ရောဝတီသို့ပြောသည်။

ပို့ကုန်အမယ်သစ်များအဖြစ်တင်ပို့ရန် အဆင့်မီထုတ်ပိုးထားသော သီဟိုဠ်စေ့ အမျိုးမျိုး၊ ထန်းလျက်အမျိုးမျိုး၊ မြေပဲယို၊ မြေပဲလိပ်၊ နမ်းပျစ်၊ ဇီးယို၊ ဇီးသီးနှင့် ပြုလုပ်ထားသည့် သရေစာများ၊ ယိုအမျိုးမျိုး၊ ဘီစကစ် အမျိုးမျိုး၊ မန်ကျည်းတော်ဖီ၊ မန် ကျည်းသီးနှင့် ပြုလုပ်ထားသည့် အစားအစာများ၊ ကြာရှည်ခံ၍ ကောင်းစွာထုတ်ပိုး ထားသည့် မြန်မာ့အစားအစာများကို လုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း လုပ်ငန်းရှင်များကို သံရုံးကဖိတ်ခေါ်ထားကြောင်း ၎င်းကပြောဆိုသည်။ ထို့ပြင် ကော်ဖီ စေ့၊ ကော်ဖီမှုန့်အမျိုးမျိုး၊ အသင့်ဖျော်လက်ဖက်ရည်ထုပ်၊ အသင့်ဖျော်ကော်ဖီထုပ်၊ လက်ဖက်ခြောက်အမျိုးမျိုး၊ အဆင့်မီ ပုလင်း၊ ဗူးတို့ဖြင့်ထည့်သွင်းထားသော မန်ကျည်း၊ သရက်နှင့် ဇီးဖျော်ရည်အမျိုးမျိုး ထုတ်လုပ်သည့်လုပ်ငန်းများလည်းပါဝင်သည်။ အဖျော်ရည်ယမကာများဖြစ်သော ရမ်၊ ဝီစကီ၊ ဝိုင်၊ ဘီယာတို့နှင့် ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော ငြုပ်ကောင်း၊ နနွင်းမှုန့်၊ ဖာလာနှင့် ကရဝေးစသည့်တို့ကို လုပ်ကိုင် သောလုပ်ငန်းရှင်များလည်း တရုတ်ဈေးကွက် ထိုးဖောက်ရန်အတွက်

နမူနာများကို သံရုံးသို့ပေးပို့နိုင်ပြီး တရုတ်ဘက်က စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း ဩဂုတ်လ ၁၈ ရက်တွင် သံရုံးကထုတ်ပြန်ထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ စိုက်ပျိုးရေး ထွက်ကုန်များ၊ သစ်သီးဝလံအချို့၊ ရေထွက်ကုန်ပစ္စည်းများနှင့် သယံဇာတကုန်ကြမ်းပစ္စည်းများကိုသာ အဓိကထားတင်ပို့လျက်ရှိသည်။ အဆိုပါ မြန်မာစားသောက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံ ပေကျင်းမြို့၊ စန်းယမြို့၊ ချန်ဒူးမြို့၊ ထရန်ကျင်းမြို့၊ ကူမင်းမြို့နှင့် ကျန်းရှမြို့များတွင် မိတ်ဆက် ခင်းကျင်းပြသမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ထိုသို့ပြသရန်အတွက်လည်း နေရာနှင့်အဖွဲ့အစည်းအချို့ကို သံရုံးဘက်မှ ဆက်သွယ်ထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်။ ပေကျင်းမြို့ မြန်မာသံရုံးမှ တာဝန်ရှိသူတဦးက "လောလောဆယ် မြန်မာသံရုံးပေကျင်းက သံရုံးအီးမေးလ်ကို ဖော်ပြထားတယ်။ အဲဒီ Email ကို လုပ်ငန်းရှင်တွေက စိတ်ဝင်စားရင်ဆက်သွယ်ပေးပေါ့။ အဲဒီတော့ သံရုံးအကြီးအကဲညွှန်ကြားချက်နဲ့ဆက်ပြီးဆောင်ရွက်သွားမှာဖြစ်တယ်" ဟု ရှင်းပြသည်။

ထို့ကြောင့် မြန်မာနိုင်ငံမှ စားသောက်ဖွယ်ရာများ တရုတ်နိုင်ငံသို့ တင်သွင်းလိုသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဩဂုတ်လတတိယပတ်မှစတင်၍ ပေကျင်းမြို့ မြန်မာနိုင်ငံသံရုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ၎င်းကပြောဆိုသည်။ ယင်းပြင် တရုတ်နိုင်ငံရှိ ကုန်တိုက်များ၊ ဈေးဝယ် စင်တာများ၊ Super Market များနှင့် လက်လီအရောင်းဆိုင် အမျိုးမျိုးတို့ အားသွားရောက် လေ့လာခဲ့ရာတွင် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် အခြားနိုင်ငံများ၏ အသင့်ထုတ်ပိုးပြီး စား သောက်ကုန်များစွာရှိနေခြင်းကြောင့် မြန်မာနိုင်ငံထွက် အဆင့်မီထုတ်ပိုးပြီး စားသောက်ကုန်များတင်ပို့နိုင်မည့် အလားအလာမြင့်မားသည်ကိုတွေ့ရှိရကြောင်းလည်း သံရုံး၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါ စားသောက်ကုန်များကို သံရုံးနှင့်ဆက်သွယ်နမူနာပေးပို့ ပြသရာတွင်လည်း အခကြေးငွေပေးရန်မလိုကြောင်း၊ ကိုဗစ်ရောဂါဖြစ်ပွားနေသည့် ယခုအချိန်တွင် တရုတ်နိုင်ငံမှတင်သွင်းမည့်သူနှင့် မြန်မာနိုင်ငံမှတင်ပို့လိုသူများကြား အွန်လိုင်းဖြင့် စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများကိုလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သံရုံးကထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအတွင်းရေးမှူး ဦးရဲမြင့်မောင်က "တရုတ်ဈေးကွက်အခြေအနေကကောင်းပါတယ်။ တရုတ်နိုင်ငံထဲကို ကျနော်တို့နိုင်ငံရဲ့ ပစ္စည်းဝင်မယ်ဆိုရင် အရင်ဆုံးကတော့ အရည်အသွေးမီနိုင်ငံတကာ အဆင့်မီ ထုတ်လုပ်စေချင်တယ်" ဟု ဧရာဝတီသို့ပြောသည်။ ဆက်လက်၍ ၎င်းက "ဘာကြောင့်လဲဆိုတော့ သူတို့က သူတို့တိုင်းပြည်ကထုတ်တဲ့ပစ္စည်းကိုတောင် စိတ်ချလက်ချမစားရဲတဲ့သူတွေဖြစ်တယ်။ သူတို့က ပိုက်ဆံချမ်းသာလာပြီဖြစ်တဲ့အတွက် အစားအသောက်တွေကအစ ဂျပန်တို့၊ ကိုရီးယားတို့က မှာစားတာရှိတယ်။ ဒါကြောင့် ဈေးက ဒုတိယနေရာမှာထားပြီး၊ အရည်အသွေးကောင်းအောင် သူတို့ယုံကြည်စိတ်ချရတဲ့ ကုန်ပစ္စည်းမျိုးဖြစ်ဖို့အတွက် ထုတ်လုပ်စေချင်တယ်" ဟု ပြောဆိုသည်။

လက်ရှိ မြန်မာနိုင်ငံတွင် အဆင့်မီထုတ်ပိုးထားသည့် သရေစာနှင့်အဆာပြေအစားအစာများ ထုတ်လုပ်နိုင်သည့် စက်ရုံအလုပ်ရုံမှာ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိသာရှိကြောင်း၊ ကျန်လုပ်ငန်းများမှာ အိမ်တွင်းထုတ်လုပ်မှုလုပ်ငန်း အဆင့်တွင်သာ ရှိနေသေးဖြင့် အဆင့်မြှင့်တင်လုပ်ဆောင်ရန်လိုအပ်နေကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

**Source:** https://burma.irrawaddy.com/news/2020/08/19/228312.html

## မူဆယ်၊ နမ့်ခမ်းတွင် ပုဂ္ဂလိကဘဏ်အချို့ပိတ်ထားသော်လည်း ကုန်သွယ်မှုပုံမှန်လုပ်ကိုင်နေ

မူဆယ်၊ နမ့်ခမ်းမြို့ရှိ ပုဂ္ဂလိကဘဏ်အချို့ ပိတ်ထားသော်လည်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ပုံမှန်အခြေအနေရှိကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ လက်နက်ကိုင်အဖွဲ့အစည်းများက ငွေတောင်းခံမှုကြောင့် ပုဂ္ဂလိကဘဏ်ခွဲအချို့ ပိတ်ထားခြင်းက စီးပွားရေးကဏ္ဍအတွက် ငွေလွှဲ၊ ငွေပို့လုပ်ကိုင်ရာတွင် အချိန်ပိုမိုစောင့်ဆိုင်းရသည့်အခြေ အနေမျိုးကလွဲပြီး မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ပုံမှန်လုပ်ကိုင်နေကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောသည်။ "ကုန်သွယ်ရေးနဲ့ တခြားလုပ်ငန်းတွေကတော့ ပုံမှန်အခြေအနေမှာပဲ။ အားလုံးက အေးဆေးလုပ်ကိုင်နေကြတယ်" ဟု ဦးမင်းသိန်းကပြောသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း၏ အဓိကကျသော မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းသည် ကုန်သွယ်မှုအများဆုံးဖြစ်သည်။ ယခုဘဏ္ဍာနှစ် ၁၀ လကျော်အချိန်တွင် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီနှင့် လွယ်ဂျယ် ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာငါးဘီလီယံခန့်ကုန်သွယ်ထားသည်။ မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေးက ဒေါ်လာလေးဘီလီယံကျော်သည်။ လက်ရှိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးဖြင့် မြန်မာနိုင်ငံမှ တစ်ရက်လျှင် ဆန်အိတ်ရေသုံးသောင်းခန့်တင်ပို့နေသည်။ထို့အပြင် သစ်သီးများ၊ ရေထွက်ကုန်များလည်း တင်ပို့ရောင်းချနေသည်။ မူဆယ်နယ်စပ်မှ ပိုက်လိုင်းဖြင့် တင်ပို့နေသည့် သဘာဝဓာတ်ငွေ့အပါအဝင် တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ပို့ကုန်တန်ဖိုး ဒေါ်လာရှစ်သန်းခန့်ရှိသည်။

လက်ရှိနယ်စပ်ကုန်သွယ်မှု အခြေအနေသည် မိုးရာသီဖြစ်နေခြင်းကြောင့် ကုန်စည်ပို့ဆောင်မှု လျော့နည်းနေသဖြင့် နယ်စပ်တွင် ကားပိတ်ဆို့မှုအနည်းငယ်လျော့နည်းကြောင်း မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။

**Source:** https://7day.news/detail?id=196178

## မြန်မာနိုင်ငံ၏ Logistics ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန် ဂျပန်နိုင်ငံ၏ကူညီမှုဖြင့် ရေးဆွဲခဲ့သည့် National Logistics Master Plan အား အပြီးသတ်ဆောင်ရွက်နိုင်ရန် ဂျပန်-မြန်မာ နှစ်နိုင်ငံဆွေးနွေးမှုပြုလုပ်



မြန်မာနိုင်ငံ၏ Logistics ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန် ဂျပန်နိုင်ငံ၏ကူညီမှုဖြင့် ရေးဆွဲခဲ့သည့် National Logistics Master Plan အား အပြီးသတ် ဆောင်ရွက် နိုင်ရန် ဂျပန်-မြန်မာနှစ်နိုင်ငံ ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ အဆိုပါ National Logistics Master Plan လေ့လာမှု အစီရင်ခံစာ အပြီးသတ်ဆွေးနွေးဆောင်ရွက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက် နံနက်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် ၅၊ နေပြည်တော်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှု Logistics ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် National Logistics Master Plan တစ်ခုအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှဦးဆောင်ပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA ၏ အကူညီဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင်လမှစတင်ပြီး ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထိုသို့ Master Plan ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် JICA မှကျွမ်းကျင်သူများ ပါဝင်သည့် Joint Coordinating Committee (JCC) ကို ဖွဲ့စည်း၍ လုပ်ငန်းအစည်းအဝေးများကျင်းပ၍ ညှိနှိုင်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ Master Plan ရေးဆွဲမှု လုပ်ငန်းစဉ်များနှင့်အစီအရင်ခံစာ ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များ ပြီးဆုံးပြီဖြစ်သဖြင့် အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် ဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးကျော်မျိုးဦးဆောင်သည့် ပူးတွဲညှိနှိုင်းမှုကော်မတီ အစည်းအဝေးကိုကျင်းပခဲ့ခြင်းဖြစ်သည်။ အစည်းအဝေးတွင် ဒုတိယဝန်ကြီးဦးကျော်မျိုးက National Logistics Master Plan ရေးဆွဲဆောင်ရွက်ထားမှုကိစ္စများ၊ အပြီးသတ်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ Master Plan မှ အဆိုပြုထားသည့် စီမံကိန်းများအပေါ် ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်မည့် အခြေအနေများအပေါ် သုံးသပ်အမှာစကားပြောကြားခဲ့ပြီး JICA မြန်မာသံရုံးမှ Senior Representative ဖြစ်သူက တိုင်းပြည်တစ်ပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအပေါ် စွမ်းရည်ပြည့်ဝသော Logistics စနစ်အရေးပါပုံနှင့် ထိုသို့နိုင်ငံအတွက် အရေးကြီးသည့် National Logistics Master Plan အား JICA Study Stem မှ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွဲခဲ့သည့် အခြေအနေများကိုပြောကြားခဲ့သည်။

ယင်းနောက်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဒေါက်တာမျိုးငြိမ်းအေး၊ ညွှန်ကြားရေးမှူး(စီမံကိန်းနှင့် စာရင်းအင်းဌာန)က ရေးဆွဲပြီးစီးခဲ့သည့် National Logistics Master Plan Report ဖြစ်ပေါ်လာရန်အတွက် အချိန်ဇယားအလိုက် ဆောင်ရွက်ခဲ့သည့် အဓိကလေ့လာမှုလုပ်ငန်းစဉ်များ၊ National Logistics Master Plan Report တွင် ပါဝင်သောအခန်းများ၊ ပို့ဆောင်ရေးကဏ္ဍအလိုက် Master Plan မှ အဆိုပြုထားသည့် စီမံကိန်းများ၊ နိုင်ငံ၏ Logistics ကဏ္ဍတွင် လက်ရှိကြုံတွေ့နေရသည့် အချက်အလက်များအပါအဝင် Master Plan Report လေ့လာဆောင်ရွက်ထားမှုကို Presentation ဖြင့် အသေးစိတ်တင်ပြ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/188099

## သရက်မြို့၌ ကော်ဖီနှင့်မှိုမျိုးစုံ မွေးမြူစိုက်ပျိုးထုတ်လုပ်နည်း သင်တန်းဖွင့်လှစ်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီခွဲက ကော်ဖီနှင့် မှိုမျိုးစုံ မွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်ခဲ့ရာရပ်ကွက်၊ ကျေးရွာအုပ်စုများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမော်ဌေးက အမှာစကားပြောကြားရာတွင် ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး ရာသီဥတုနှင့် ကိုက်ညီစွာ စိုက်ပျိုးနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေး ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလင်းမြတ်မှ စိုက်ပျိုးတောင်သူများအနေဖြင့် ပုံမှန်စိုက်ပျိုး သီးနှံများ သာမက ရာသီဥတုနှင့်လိုက်ဖက်သည့် သီးနှံစိုက်ခင်းများ စိုက်ပျိုးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ခင်မာအေးက ကော်ဖီနှင့်မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းနည်းပြဆရာမ ဒေါ်သီတာရွှေက သင်တန်းတွင်ပို့ချမည့် အစီအစဉ်များနှင့် သင်တန်းကမိမိအတွက် အကျိုးရှိမည့်သင်တန်းဖြစ်သည့်အတွက် သင်တန်းသား၊ သင်တန်းသားသူများအနေဖြင့် အကျိုးရှိမည့်သင်တန်းဖြစ်၍ စိတ်ဝင်တစားသင်ယူမှတ်သားစေလိုကြောင်း ပြောကြားခဲ့သည်။ အဆိုပါသင်တန်း၌ ကော်ဖီသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ (၃၂)ဦးအား တစ်ရက်သင်ကြားပို့ချပေးခဲ့ပြီး၊ မှိုမျိုးစုံမွေးမြူထုတ်လုပ်စိုက်ပျိုးနည်းသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ (၃၅)ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာသုံးရက်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## မုံရွာသမဝါယမဦးစီးဌာနမှ တန်ဖိုးသင့်အာလူးများရောင်းချ



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်သမဝါယမဦးစီးဌာနနှင့် မုံရွာမြို့နယ်သမဝါယမအသင်းစုတို့ပူးပေါင်း၍ အာလူးများအား တန်ဖိုးသင့်ဈေးနှုန်းဖြင့် ယမန်နေ့နံနက်ပိုင်းက ဖြန့်ဖြူးရောင်းချ ပေးလျက် ရှိကြောင်း သမဝါယမဦးစီးဌာနမှသိရသည်။

ရှမ်းပြည်နယ်မှ ဒေသခံတောင်သူများစိုက်ပျိုးထားသော အာလူးသီးများအား ပိဿာချိန် ၁၀၀၀ ဝယ်ယူပြီး မုံရွာမြို့နယ်ရှိ သမဝါယမအသင်းပေါင်း ၂၀ ထံသို့ ဒေသပေါက်ဈေး အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ နှုန်းရှိသော်လည်း တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း မုံရွာမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးခင်မောင်လွင်ကပြောသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## အထည်ချုပ်လုပ်သားများ အလုပ်အကိုင်ရရှိစေရန် အထည်များအား လက်ခစားစနစ်ဖြင့် လက်ခံချုပ်လုပ်ပေးလျက်ရှိ



ကိုဗစ်-၁၉ ကာလတွင် အထည်ချုပ်လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ သီရိစန္ဒာ အထည်ချုပ်နှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းအနေဖြင့် ပြည်တွင်းပြည်ပကုမ္ပဏီအဖွဲ့အစည်းများက ကုန်ကြမ်းပေး အပ်နှံလာသောအထည်များအား လက်ခစားစနစ် (CMP)ဖြင့် လက်ခံချုပ်လုပ်ပေးလျက်ရှိကြောင်း အဆိုပါသမဝါယမအသင်းမှသိရသည်။

သီရိစန္ဒာအထည်ချုပ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းအနေဖြင့် လက်ရှိတွင် ဂျပန်နိုင်ငံမှ အပ်နှံလာသော စာတိုက်ဝန်ထမ်းယူနီဖောင်းဝတ်စုံ ၂၅၀၀၀၊ စားသောက်ဆိုင်ဝန်ထမ်း ယူနီဖောင်းဝတ်စုံ ၄၅၀၀၀ နှင့် ကိုဗစ်ကာလအတွင်း ကာကွယ်၊ ထိန်းချုပ်ကုသရေးအတွက် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် ဖြန့်ဝေရန် ဒိန်းမတ်နိုင်ငံမှ လှူဒါန်းသည့် နှာခေါင်းစည်း ၁၅၀၀၀၀ အား ချုပ်လုပ်ပေးလျက်ရှိသည်။

သီရိစန္ဒာအထည်ချုပ်နှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသည် အထည်ချုပ်လုပ်ငန်းအား စက်အလုံးရေ ၆၁၀၊ ဝန်ထမ်းအင်အား ၇၀၀ ဖြင့် ပြည်တွင်း ပြည်ပကုမ္ပဏီအဖွဲ့အစည်းများက ကုန်ကြမ်းပေးအပ်လာသော အထည်များအား CMP လက်ခစားစနစ်ဖြင့် လက်ခံချုပ်ပေးခြင်း၊ ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချရန်အတွက် ကျားဝတ်၊ မဝတ်အထည်များကို ချုပ်လုပ်ပေးခြင်းလုပ်ငန်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသော ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အသင်း၏အထည်ချုပ်လုပ်ငန်းသည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်အပြင် ပြည်ပပို့ကုန်တင်ပို့နိုင်ခြင်းကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေး ဖိုရမ်ကို ရန်ကုန်မြို့၌ကျင်းပမည်

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးဖိုရမ်ကို ရန်ကုန်မြို့၌ လာမည့်စက်တင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။

အဆိုပါဖိုရမ်ကျင်းပခြင်းမှာ မြန်မာ့ရော်ဘာကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများအားလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရော်ဘာစိုက်ပျိုးသူ၊ ထုတ်လုပ်သူနှင့် TSR စက်ရုံများ၏ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရေးအတွက် ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဈေးနှုန်းရရှိရေး၊ အရည်အသွေးမြှင့်တင်ရာတွင် လိုအပ်သောထိန်းကျောင်းမှုများ ဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်းသိရသည်။

လက်ရှိ မြန်မာနိုင်ငံမှတင်ပို့နေသော ရော်ဘာကုန်ကြမ်းများသည် နိုင်ငံတကာစံချိန်စံညွှန်းမမီဟုဆိုကာ နိုင်ငံတကာပေါက်ဈေးထက် ဈေးလျှော့ရောင်းနေရကြောင်းကို "ကျွန်တော်တို့က နိုင်ငံတကာပေါက်ဈေးဆိုရင် တစ်တန်ကို ဒေါ်လာ ၁၆၀၀ ဝန်းကျင်လောက်ရှိတယ်။ ကျွန်တော်တို့ ရောင်းရတဲ့ဈေးက တစ်တန်ကို ဒေါ်လာ ၃၀၀/ ၃၅၀ လောက် လျှော့ရောင်းရတယ်။ နိုင်ငံတကာ စံချိန်စံညွှန်းမမီလို့၊ အရည်အသွေးမမီလို့ဆိုပြီး ဈေးလျှော့ရောင်းရတာပေါ့" ဟု ဦးခိုင်မြင့်ကပြောသည်။

မြန်မာနိုင်ငံတွင် ရော်ဘာ စိုက်ဧက ၁၆ သိန်းကျော်ရှိပြီး လက်ရှိတွင် အစေးလှီးနိုင်သော ရော်ဘာစိုက်ဧက ရှစ်သိန်းကျော်ရှိကာ တစ်နှစ်လျှင် ပြည်ပသို့ ရော်ဘာကုန်ကြမ်းများ တရားဝင်တင်ပို့မှုမှာ တန်ချိန်နှစ်သိန်းကျော်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ကိုကာကိုလာက တရုတ်နိုင်ငံ ထောက်ပံ့ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့



တရုတ်နိုင်ငံရှိ ကိုကာကိုလာအဖျော်ယမကာလုပ်ငန်းကြီး (Coca-Cola China) နှင့် ၎င်း၏ ပုလင်းသွတ်ခြင်း မိတ်ဖက်လုပ်ငန်းများသည် တရုတ်ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ၌ ထိရောက်မှုတိုးတက်စေရန်၊ ထုတ်လုပ်မှုသေချာစေရန်နှင့် ပြည်တွင်းစားသုံးသူများ၏ တောင်းဆိုမှုကို ပြည့်မီစေရန် ရင်းနှီးမြှုပ်နှံမှုကို ဆက်လက် တိုးချဲ့သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အဖျော်ယမကာလုပ်ငန်းကြီးသည် COVID-19 ကူးစက်ရောဂါ သက်ရောက်မှုရှိခဲ့သော်ငြားလည်း တရုတ်နိုင်ငံဈေးကွက်တွင် ဒုတိယ သုံးလပတ်ရလဒ်များ ကောင်းမွန်ခဲ့ကြောင်းနှင့် စားသုံးသူလိုအပ်ချက်များ ပြည့်မီစေရန် တရုတ်နိုင်ငံတွင် စက်ရုံအသစ်များနှင့်ထုတ်လုပ်မှုလုပ်ငန်းများကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆိုသည်။

၂၀၂၀ ပြည့်နှစ် ဒုတိယနှစ်ဝက်တွင် ကိုကာကိုလာ၏ ပုလင်းသွတ်လုပ်ငန်းတစ်ခုဖြစ်သော Swire Coca-Cola သည် ထုတ်လုပ်ရေးလုပ်ငန်းအသစ် ၆ ခုကို ဆောင်ရွက်ရန်စီစဉ်ထားကာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ယွမ် သန်း ၂၅၀ (အမေရိကန် ဒေါ်လာ ၃၆ သန်းခန့်) ရှိပြီး နှစ်စဉ် ထပ်တိုးထုတ်လုပ်မှုတန်ဖိုးမှာ ယွမ် ၁.၇ ဘီလီယံ ကျော်သွားပြီဖြစ်ကြောင်းသိရသည်။ Swire Coca-Cola သည် တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်ရှိစက်ရုံ၌ ပလပ်စတစ်ပုလင်း ထုတ်လုပ်မှုလုပ်ငန်းတစ်ခုထပ်တိုးရန် စီစဉ်ထားပြီး ၂၀၂၁ ခုနှစ် မေလတွင် စတင်လည်ပတ်ဖွယ်ရှိသည်။ ထို့ပြင် ကိုကာကိုလာ၏ နောက်ထပ် ပုလင်းသွတ်မိတ်ဖက်လုပ်ငန်းတစ်ခုဖြစ်သော COFCO Coca-Cola အဖျော်ယမကာလီမိတက်ကလည်း တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်တွင် ပထမဆုံးစက်ရုံကို စတင်တည်ဆောက်လျက်ရှိသည်။

အဆိုပါ စက်ရုံသစ်သည် ခန့်မှန်းခြေ ရင်းနှီးမြှုပ်နှံမှု ယွမ် သန်း ၂၇၀ ရှိပြီး ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် လုပ်ငန်းလည်ပတ်နိုင်ရန်လျာထားပြီး တစ်နှစ်လျှင် တန် ၁၇၀,၀၀၀ ထုတ်လုပ်နိုင်သည့် အဆင့်မြင့် PET ဆိုဒါထုတ်လုပ်မှုလုပ်ငန်းနှစ်ခုဖြင့် စတင်သွားမည်ဖြစ်ကြောင်းသိရသည်။ "ဒုတိယသုံးလပတ်က စိန်ခေါ်မှုအရှိဆုံးနှစ်ဖြစ်တယ်ဆိုတာကို ပြသပေးမယ်လို့ ယုံကြည်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဆက်လုပ်သွားမှာပါ။ ကုမ္ပဏီအနေနဲ့ ပြောင်းလဲမှုမြန်ဆန်တဲ့ အခင်းအကျင်းမှာ မဟာဗျူဟာတွေကို ချိန်ညှိဖို့နဲ့ အရှိန်မြှင့်တင်ဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု ကိုကာကိုလာကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် စီအီးအို James Quincey က ပြောခဲ့သည်။

ထို့ပြင် ကုမ္ပဏီက ထုတ်လုပ်မှုလုပ်ငန်းအသစ် မိတ်ဆက်ရာ၌ ကူးစက်ရောဂါဖြစ်ပွားစဉ်ကစ၍ အွန်လိုင်းမှဈေးဝယ်ခြင်း (online shopping) အတွက် တောင်းဆိုချက်မြင့်မားလာခြင်းနှင့် ကြုံတွေ့နေရသော တရုတ်နိုင်ငံတွင် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်လျက်ရှိသည်ဟုဆိုသည်။ တရုတ်နိုင်ငံရှိ ကိုကာကိုလာလုပ်ငန်းသည် အလားအလာရှိသော အွန်လိုင်းအသုံးပြုသူများကို လွှမ်းခြုံနိုင်စေရန် Meituan Dianping နှင့် JD.com စသည့် အွန်လိုင်းမှဈေးဝယ်ခြင်း၊ ဝန်ဆောင်မှုပလက်ဖောင်းများနှင့် အနီးကပ်လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/china/economy/29078-2020-08-18-09-41-13

## တရုတ်-အာဖရိက နှစ်နိုင်ငံပညာရှင်များက ကပ်ရောဂါအခြေအနေအောက်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာဆွေးနွေး



တရုတ်-အာဖရိက စည်းလုံးညီညွတ်စွာ ကပ်ရောဂါတိုက်ဖျက်ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံတကာပညာရပ်ပိုင်းဆိုင်ရာ ဆွေးနွေးပွဲတစ်ခုကို နိုင်ရိုဘီမြို့ တွင် ဩဂုတ် ၁၈ ရက် ၌ စတင်ကျင်းပပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲတွင် တရုတ်-အာဖရိက အတူတကွ မည်ကဲ့သို့ ကပ်ရောဂါတိုက်ဖျက်ရေးနှင့် ကုန်ထုတ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု တွန်းအားပေးရေးရန် ၊ အာဖရိကစီးပွားရေး ပြန်လည်ကောင်းမွန်

လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်ဆိုင်ရာများကို ဆွေးနွေး သွားကြမည်ဖြစ်ကြောင်း သိရသည်။ ယခုအကြိမ် ဆွေးနွေးပွဲသည် ကင်ညာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် ကင်ညာနိုင်ငံ အာဖရိကမူဝါဒဆိုင်ရာ သုတေသနဌာနတို့မှ ဦးစီးကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အွန်လိုင်းနှင့်လက်တွေ့ပုံစံနှစ်မျိုးလုံး အတူတကွကျင်းပပြုလုပ်ခဲ့ကြောင်း နှင့် တရုတ်နှင့်အာဖရိကနှစ်နိုင်ငံမှ သက်ဆိုင်ရာအရာရှိနှင့် ပညာရှင် ပေါင်း ၅၀ တို့က ပါဝင်ဆွေးနွေးကြကြောင်းသိရသည်။

ကင်ညာနိုင်ငံ အာဖရိကမူဝါဒဆိုင်ရာ သုတေသနဌာနအမှုဆောင်အရာရှိချုပ် Peter Kagwanja က တရုတ်နိုင်ငံ သည် အာဖရိကနိုင်ငံအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်၍ အတူတကွ ကပ်ရောဂါအားတိုက်ဖျက်နေပြီး အာဖရိကနိုင်ငံ အသီးသီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အာမခံချက်ရရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးနေကြောင်း ပြောကြားခဲ့သည်။ ကင်ညာနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ လက်ထောက်အတွင်းရေးမှူး ဘူနိုလီနီယာရူက အာဖရိကနိုင်ငံအသီးသီး အနေဖြင့် တရုတ်နိုင်ငံနှင့် ကျန်းမာရေး ၊ ကုန်ထုတ်လုပ်မှု ၊ ကုန်သွယ်ရေးနှင့် နည်းပညာစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ကာ အကျိုးဖြစ်ထွန်းမှု ရရှိခဲ့ပြီး ပိုမို မြန်ဆန်စွာ စီးပွားရေးပြန်လည်ကောင်းမွန်လာစေခဲ့ကြောင်း ပြောကြား ခဲ့သည်။

ကင်ညာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံရုံးယာယီတာဝန်ခံ ကျော်ရှီယွမ်က ကပ်ရောဂါ ကာကွယ်ထိန်းချုပ်မှုအား တင်းကျပ်စွာ ဆောင်ရွက်သည့် အခြေအနေအောက်တွင် တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ဖြင့် မည်ကဲ့သို့ အာဖရိစီးပွားရေးပြန်လည် ကောင်းမွန်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခုအကြိမ် ဆွေးနွေးပွဲကျင်းပရသည့် အဓိကရည်ရွယ်ချက် ဖြစ်ကြောင်း ၊ တရုတ်-အာဖရိကအနေဖြင့် ဆက်လက်၍ ကဏ္ဍအသီးသီး၌ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုအား ပိုမိုနက်ရှိုင်း အောင်ဆောင်ရွက်သွားပြီး တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ပေကျင်းထိပ်သီးအစည်းအဝေးကို လက်တွေ့ အကောင်အထည်ဖော်ကာ တရုတ်-အာဖရိက စည်းလုံးညီညွတ်စွာ ကပ်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ အထူးထိပ်သီးအစည်း အဝေး၏ရလဒ်များကို လက်တွေ့အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း ၊ ကျန်းမာရေး ၊ ကုန်ထုတ်လုပ်မှုပြန်လည် စတင် ရေး ၊ လူနေမှုဘဝ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရေး စသည့်ကဏ္ဍများကို ဦးစားပေးဆောင်ရွက်သွားကာ ပူးပေါင်း ဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေပြီး အာဖရိကနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလုပ်ငန်းအဆင့်မြှင့်တင်ရေးတို့အတွက် အခွင့်အလမ်းများကို ဖန်တီးပေးသွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အာဖရိကစီးပွားရေးကော်မတီက လတ်တလောရက်ပိုင်းအတွင်း ကပ်ရောဂါဆက်လက်ပြန့်ပွားလာမှုကြောင့် အာဖရိကနိုင်ငံများ၏ စီးပွားရေးကို ဆိုးရွားစွာထိခိုက်စေခဲ့ပြီး အာဖရိက၏ ယခုနှစ်စီးပွားရေးတိုးတက်မှုနှုန်းသည် ယခင် ခန့်မှန်းထားသည့် ၃.၂ ရာခိုင်နှုန်း မှ သုညအထိနီးပါးကျဆင်းသွားနိုင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**Source:** https://xinhuamyanmar.com/china/politics-law-military/29093-2020-08-19-06-00-37

## ဈေးကွက်ရင်းနှီးမတည်မှုတန်ဖိုး ဒေါ်လာ ၂ ထရီလီယံ ရောက်ရှိသည့် ပထမဆုံး အမေရိကန်ကုမ္ပဏီဖြစ်လာ




Apple (ပန်းသီးအမှတ်တံဆိပ်) နည်းပညာကုမ္ပဏီသည် ဈေးကွက်ရင်းနှီးမတည်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ထရီလီယံသို့ ရောက်ရှိသည့် ပထမဆုံးအမေရိကန် ကုမ္ပဏီတစ်ခုဖြစ်လာကြောင်းနှင့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ကြောင်းသိရ သည်။

ကုမ္ပဏီ၏ ရှယ်ယာပိုင်ဆိုင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၇၅ ဘီလီယံ ကျော်ကို အခြေပြု၍ Apple သည် ဩဂုတ် ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မတိုင်မီမှာပင် အတားအဆီးများကို ကျော်ဖြတ်ကာ ယင်း၏ ရှယ်ယာတစ်ခုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၆၇ ဒသမ ၇၇ သို့ ရောက်ရှိသွားခဲ့ကြောင်းသိရသည်။ အဆိုပါနေ့အတွင်း Apple ၏ ရှယ်ယာ တစ်ခုတန်ဖိုးသည် အမြင့်ဆုံးအဖြစ် ဒေါ်လာ ၄၆၈ ဒသမ ၆၅ အထိ ရောက်ရှိခဲ့ပြီး ဈေးပိတ်ချိန်တွင် ရှယ်ယာတစ်ခုကို ၄၆၂ ဒသမ ၈၃ ဒေါ်လာဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

Apple သည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂ ရက်တွင် ဈေးကွက် ရင်းနှီးမတည်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ထရီလီယံသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိလာခဲ့သည်။ အခြားသော အမေရိကန်နည်းပညာကုမ္ပဏီကြီးများဖြစ်သည့် အမေဇုံ(Amazon) ၊ မိုက်ခရိုဆော့ခ်(Microsoft) နှင့် အယ်လ်ဖာဗက် (Alphabet) တို့သည်လည်း ဈေးကွက်ရင်းနှီးမတည်မှု တန်ဖိုး အမေရိကန်

ဒေါ်လာ ၁ ထရီလီယံ ရောက်ရှိခဲ့သည့် ကုမ္ပဏီကြီးများဖြစ်ကြောင်းသိရသည်။ Apple ရှယ်ယာတန်ဖိုးသည် ပြီးခဲ့သော ဘဏ္ဍာနှစ်အတွင်း ၆၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ လွန်ခဲ့သောနှစ်က ၎င်း၏ ရှယ်ယာတစ်ခုတန်ဖိုးသည် အမေရိကန် ဒေါ်လာ ၂၀၁ ဒေါ်လာရှိခဲ့ရာမှ ရာခိုင်နှုန်း ၁၂၀ ကျော်အထိ ခုန်တက်ခဲ့သဖြင့် ရှယ်ယာတန်ဖိုးများမှာ များစွာမြင့်တက်သွားခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သော ဇူလိုင်လနှောင်းပိုင်းတွင် ကုမ္ပဏီက ပထမသုံးလပတ် အစီရင်ခံစာတစ်ခုကိုထုတ်ပြန်ခဲ့ပြီး ယင်းသုံးလတာ ကာလအတွင်း ကုမ္ပဏီအနေဖြင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၅၉ ဒသမ ၇ ဘီလီယံရရှိခဲ့ကြောင်း ၊ ယင်ခင်နှစ်ကထက် ၁၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံအတွင်း Apple ၏ ရောင်းအားသည် လွန်ခဲ့သော တစ်နှစ်က ၉ ဒသမ ၁၅၇ ဘီလီယံရှိခဲ့ရာမှ ၉ ဒသမ ၃၂၉ ဘီလီယံ အထိ မြင့်တက်သွားခဲ့ကြောင်း ဖော်ပြထားသည်။

**Source:** https://xinhuamyanmar.com/world/latin-america/29107-apple-2

## အမေရိကန်နိုင်ငံက အီရန် Mahan Air လေကြောင်းလိုင်းနှင့်ဆက်စပ်မှုရှိသော ယူအေအီးအခြေစိုက် စီးပွားရေးလုပ်ငန်းနှစ်ခုကို အမည်ပျက်စာရင်းသွင်း

အမေရိကန်နိုင်ငံအစိုးရသည် တီဟီရန်အပေါ် ဖိအားပေးလုပ်ဆောင်မှုကို တိုးမြှင့်သည့်အနေဖြင့် အီရန် Mahan Air လေကြောင်းလိုင်းအား ထောက်ပံ့မှုပေးခဲ့သော အာရပ်စော်ဘွားများပြည်ထောင်စု (UAE) အခြေစိုက်ကုမ္ပဏီနှစ်ခုကို ပိတ်ဆို့အရေးယူလိုက်ကြောင်း ဩဂုတ် ၁၉ ရက်က ပြောကြားခဲ့သည်။ ယူအေအီးအခြေစိုက် Parthia Cargo နှင့် Delta Parts Supply FZC တို့သည် အမေရိကန်နိုင်ငံက ၂၀၁၁ ခုနှစ်ကတည်းက အမည်ပျက်စာရင်းသွင်းထားသော Mahan Air လေကြောင်းလိုင်းအတွက် အရေးပါသောအစိတ်အပိုင်းများနှင့် ကုန်စည်ထောက်ပံ့ဝန်ဆောင်မှုများပံ့ပိုးခဲ့ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

ယူအေအီးအခြေစိုက် အီရန်နိုင်ငံပိုင် Amin Mahdavi ၊ Parthia Cargo ၏ စီအီးအိုနှင့်ပိုင်ရှင်တို့ကိုလည်း ပိတ်ဆို့မှုစာရင်းတွင် ထည့်သွင်းထားကြောင်းသိရသည်။ "အီရန်နိုင်ငံ အစိုးရအဖွဲ့က ဆီးရီးယားနဲ့ဗင်နီဇွဲလားမှာရှိတဲ့ အကျင့်ပျက်လာဘ်စားတဲ့ အစိုးရအဖွဲ့တွေ၊ အရှေ့အလယ်ပိုင်းတစ်လျှောက်က အကြမ်းဖက်အုပ်စုတွေအပါအဝင် ကမ္ဘာတစ်ဝန်း သူတို့ရဲ့ မတည်မငြိမ်ဖြစ်စေတဲ့ လုပ်ငန်းစဉ်တွေဖြန့်ဖို့ Mahan Air ကို အသုံးပြုတယ်" ဟု ဘဏ္ဍာရေးဝန်ကြီး Steven Mnuchin က ထုတ်ပြန်ချက်၌ပြောခဲ့သည်။

ထုတ်ပြန်ချက်အရ အရေးယူခံရသောလုပ်ငန်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အမေရိကန်နိုင်ငံအတွင်းရှိ ၎င်းတို့ ပိုင်ဆိုင်မှုများနှင့် အကျိုးစီးပွားများအားလုံးကိုလည်း ပိတ်သိမ်းလိုက်ကြောင်းနှင့် အမေရိကန်နိုင်ငံသားများအနေဖြင့် ၎င်းတို့နှင့် မည်သည့်လုပ်ငန်းလုပ်ကိုင်မှုမျိုးကိုမဆို တားမြစ်လိုက်ကြောင်းသိရသည်။ အီရန်နိုင်ငံသမ္မတ Rouhani က အမေရိကန်ပိတ်ဆို့မှုများကို ဆက်လက်ကြံ့ကြံ့ခံသွားမည်ဖြစ်ကြောင်းနှင့် နောက်ဆုံးတွင် "ရပ်တန့်ပြီးဆုံး"သွားမည်ဖြစ်ကြောင်း ယင်းနေ့အစောပိုင်းတွင် ပြောကြားခဲ့သည်။ အဆိုပါအရေးယူမှုသည် အီရန်နိုင်ငံအပေါ် အမေရိကန်၏ အပြင်းထန်ဆုံးဖိအားပေးမှုအသစ်များကြားမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံသည် ဩဂုတ် ၁၄ ရက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အီရန်နိုင်ငံအပေါ် လက်နက်ရောင်းချမှု ပိတ်ပင်ခြင်းသက်တမ်းတိုးရန် ကြိုးပမ်းမှုမအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ပိတ်ဆို့မှုပြန်လည်ပြုလုပ်ရန် ခြိမ်းခြောက်ခဲ့ခြင်းဖြစ်ပြီး အီရန်အပေါ် ၂၀၁၅ ခုနှစ်မတိုင်မီ ကုလသမဂ္ဂပိတ်ဆို့မှုများကို ပြန်လည်အသက်သွင်းနေခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွမ်ပီယိုသည် ဩဂုတ် ၁၉ ရက်က အီရတ်နိုင်ငံခြားရေးဝန်ကြီး Fuad Hussein နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်အတွင်း ပိတ်ဆို့မှုများပြန်လည်ပြုလုပ်မည့်အကြောင်း နှစ်ကြိမ်ပြောဆိုခဲ့သည်။သို့သော် Hussein အနေဖြင့် အီရတ်အနေဖြင့် အီရန်နှင့်အမေရိကန်ကြား ဆက်ဆံရေးကောင်းမွန်ရန် ကြိုးပမ်းခဲ့ကြောင်းသာပြောဆိုခဲ့ပြီး အီရန်နိုင်ငံအပေါ် အမေရိကန်၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မှတ်ချက်ပြုထားခြင်း မရှိခဲ့ပေ။ အီရန်နှင့်ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်စသည့် အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံကြားတွင် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၂၃၁ အရ အီရန် နိုင်ငံသို့ လက်နက်တင်ပို့ရောင်းချမှုကို ပိတ်ပင်ခြင်းမှာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၈ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့သည်။ အီရန်နိုင်ငံက လက်နက်ရောင်းချမှု ပိတ်ပင်ခြင်း သက်တမ်းတိုးမှုအသစ်ကို လက်ခံမည်မဟုတ်ကြောင်းလည်း ထုတ်ဖော်ပြောကြားထားသည်။

**Source:** https://xinhuamyanmar.com/world/latin-america/29108-mahan-air

## ဂျပန်နိုင်ငံ၏စီးပွားရေးသည် ပြီးခဲ့သည့် သုံးလပတ်ကာလ( ဧပြီ-ဇွန်) အတွင်း ၂၇.၈% အထိ စံချိန်တင်ကျဆင်းခဲ့

ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်၏ ဒုတိယသုံးလပတ်ကာလတွင် ကိုရိုနာကပ်ရောဂါ၏ သက်ရောက်မှုကြောင့် နိုင်ငံ၏ GDP သည် နှစ် ၄၀ ကာလတာအတွင်း အဆိုးရွားဆုံးဖြစ်ခဲ့ပြီး ၂၇.၈% ထိကျဆင်းခဲ့ကြောင်း မူဝါဒသုံးသပ်သူများအနေဖြင့် စီးပွားရေးကပ်ဆိုက်ရောက်မည့်အခြေအနေမှ တားဆီးကာကွယ်ရန် ကြိုးပမ်းနေကြကြောင်း ဂျပန်နိုင်ငံအစိုးရအဖွဲ့ရုံး၏ ဩဂုတ်လ ၁၇ ရက်နေ့က ထုတ်ပြန်ချက်အရ သိရပါသည်။

အဆိုပါ ကိန်းဂဏန်းသည် ၁၉၈၀ ကျော်ခုနှစ်များမှ စာရင်းဇယားများနှင့်နှိုင်းစာပါက အဆိုးရွားဆုံးရလဒ်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလနှင့်မေလအတွင်း ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုများကြောင့် ဂျပန်အစိုးရက အရေးပေါ်အခြေအနေကို ကြေငြာခဲ့ပြီး ပြည်သူများမလိုအပ်ဘဲ နေအိမ်အပြင်မထွက်ကြရန်၊ စီးပွားရေးလုပ်ငန်းအများစုကို ယာယီပိတ်သိမ်းကြရန် ညွှန်ကြားခဲ့မှုကြောင့် တစ်ဦးချင်းစားသုံးမှုနှုန်းများကျဆင်းခဲ့ခြင်း ၊ စီးပွားရေးဆောင်ရွက်ချက်များ ရပ်ဆိုင်းသွားခြင်းနှင့် ပြည်ပပို့ကုန်များလည်း သိသိသာသာ ကျဆင်းခဲ့ခြင်းများ ရင်ဆိုင်ခဲ့ရပါသည်။

မေလနှောင်းပိုင်းက အစိုးရ၏ အရေးပေါ်ကြေငြာချက်ပြန်လည်ရုတ်သိမ်းပြီးနောက် ထိုင်းမှိုင်းနေသည့် နိုင်ငံ၏ စီးပွားရေးသည် ပြန်လည်ရှင်သန်လာနိုင်ပြီး လက်ရှိအကျပ်အတည်းမှ လျော့ပါးသွားစေမည်ဟု မျှော်လင့်နေပါကြောင်း၊ ဇူလိုင်မှ စက်တင်ဘာလအထိ လာမည့်သုံးလပတ်တွင် ပိုမိုကောင်းမွန်သည့် ရလဒ်များ မျှော်လင့်ပါကြောင်း၊ သို့သော် တရုတ်နိုင်ငံမှလွဲ၍ ကျန်သည့်ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးပြန်လည်နာလန်ထူမှုမှာ နှေးကွေးနေဆဲဖြစ်မည်ဟု ယူဆပါကြောင်းဟု Norinchukin Research Institute မှ အကြီးတန်းစီးပွားရေးပညာရှင် Mr. Takeshi Minami က သုံးသပ်ထားပါသည်။

ဂျပန်နိုင်ငံ၊ စီးပွားရေးပြန်လည်အားကောင်းလာစေရေး ဝန်ကြီး Mr. Nishimura Yasutoshi က ပြည်သူလူထု၏ နေထိုင်မှုဘဝများနှင့် အလုပ်အကိုင်များ အဆင်ပြေစေရေးအတွက် ခက်ခက်ခဲခဲရုန်းကန်နေကြရသည့် လုပ်ငန်းစားများကို အစိုးရအနေဖြင့် ဦးစားပေးပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းဝယ်လိုအား တိုးတက်လာစေရန် ဆောင်ရွက်ချက်များမှတဆင့် နိုင်ငံ၏ စီးပွားရေးကို ပြန်လည်တိုးတက်လာသည့် လမ်းကြောင်းပေါ်ရောက်လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံ၏စီးပွားရေးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပမှ အခြေအနေအရပ်ရပ်ကိုပါ ထည့်သွင်း စောင့်ကြည့်ရန်လည်းလိုအပ်သည်ဟု ပြောကြား ခဲ့ကြောင်း သိရပါသည်။

Source: The Japan Today and The Mainichi Daily News

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ထောင်လိုက်စိုက်ပျိုးမှုစနစ်ဖြင့် စင်ကာပူနိုင်ငံ၏ စားနပ်ရိက္ခာထုတ်လုပ်နိုင်မှုစွမ်းအားကို မြှင့်တင်နိုင်ရန်အတွက် စင်ကာပူကုမ္ပဏီနှင့် ဂျာမဏီကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်မည်

စင်ကာပူ Temasek ကုမ္ပဏီ (စင်ကာပူအစိုးရပိုင်)နှင့် ဂျာမဏီ Bayer ကုမ္ပဏီတို့သည် စင်ကာပူနိုင်ငံ၏ စားနပ်ရိက္ခာ ထုတ်လုပ်နိုင်မှုစွမ်းအား ပိုမိုတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ထောင်လိုက်စိုက်ပျိုးထုတ်လုပ်မှု (Vertical Farming) စနစ်အား ထိရောက်စွာအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် "Unfold" ဟု အမည်ပေးထားသည့် ကုမ္ပဏီကို တည်ထောင်ခဲ့ကြောင်းနှင့် အဆိုပါကုမ္ပဏီအတွက် အမေရိကန်ဒေါ်လာ ၃၀ သန်း (စင်ကာပူ ဒေါ်လာ ၄၁.၂ သန်း) ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကိုဗစ် ၁၉ ကပ်ရောဂါကဲ့သို့သော အကျပ်အတည်းရင်ဆိုင်ရသည့်ကာလများနှင့် နိုင်ငံ၏ စိုက်ပျိုးမြေဧရိယာ နည်းပါး လွန်းသည့်အခြေအနေများကြောင့် ဤသို့ပူးပေါင်းဆောင်ရွက်ခြင်းသည် စင်ကာပူနိုင်ငံအတွက် အရေးကြီးကြောင်း၊ ယုံကြည် စိတ်ချစွာ စားသုံးနိုင်သော ဆလတ်ရွက်နှင့် ဟင်းနုနွယ်ရွက်များကဲ့သို့ လူအများစားသုံးကြသည့် ဟင်းသီးဟင်းရွက်များအပါအဝင် အမျိုးအစားအမျိုးမျိုးကို အရည်အသွေးကောင်းမွန်စွာဖြင့် ပမာဏများများ တိုးမြှင့်ထုတ်လုပ်သွားနိုင်ရန် ရည်ရွယ် ဆောင်ရွက် ခြင်းဖြစ်ကြောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးသည် စင်ကာပူနိုင်ငံအတွက် ဦးစား ပေးလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ၂၀၃၀ ခုနှစ်တွင် နိုင်ငံ၏ စားနပ်ရိက္ခာလိုအပ်ချက်၏ ၃၀ ရာခိုင်နှုန်းအထိ ပြည်တွင်း၌ စိုက်ပျိုးမွေးမြူထုတ်လုပ်သွားနိုင်ရန် ရည်မှန်းချက်အပေါ် လည်း အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီများကပြောကြားပါသည်။

**Source: The Straits Times     စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ကိုရီးယား-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်အတွက် တရားဝင်ဆွေးနွေးညှိနှိုင်းမှု စတင်ခဲ့ခြင်း

ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေးစက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်ရေးဝန်ကြီးဖြစ်သူ Ms. Yoo Myung-hee သည် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ကမ္ဘောဒီးယားသမ္မတ Pan Sorasak နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး၊ နှစ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (FTA) အတွက် တရားဝင်ညှိနှိုင်းမှုစတင်ကြောင်း ကြေငြာခဲ့ပါသည်။

ကုန်သွယ်ရေးဝန်ကြီး Ms. Yoo Myung-hee က အာဆီယံ၏ ကုန်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုအချက်အချာဖြစ်သော ဖွံ့ဖြိုးမှုအတွက်ကြီးမားသော အလားအလာရှိသော တိုင်းပြည်နှင့်စီးပွားရေးဆက်ဆံမှုကိုခိုင်မာစေရန်နှင့် ကမ္ဘောဒီးယားဈေးကွက်ရှိ ကိုရီးယားကုမ္ပဏီများ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန် အခွင့်အလမ်းတစ်ခုအဖြစ် ကမ္ဘောဒီးယားနှင့် တရားဝင်ဆွေးနွေးမှုစတင်ခြင်းကိုကြိုဆိုခဲ့ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## STOCK EXCHANGE (20.8.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 20th Aug. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | -100 | -1.00% | 10,000 | 10,000 | 9,900 | 2,842 | 28,320,000 | 27,112,747 | 268,416 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 1,546 | 5,874,800 | 38,929,150 | 147,931 |
| MCB | 00003 | 7,900 | -100 | -1.25% | 8,000 | 8,000 | 7,900 | 25 | 199,700 | 10,400,986 | 82,168 |
| FPB | 00004 | 21,500 | -500 | -2.27% | 22,000 | 22,000 | 21,500 | 221 | 4,752,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,750 | 2,800 | 2,750 | 7 | 19,300 | 12,823,224 | 35,905 |
| EFR | 00006 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 38 | 116,300 | 19,977,223 | 60,931 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.83 | -4.03 | -0.92% | 439.42 | 439.42 | 435.83 | 4,679 | 39,282,100 | 6 | 648,500 |

**Index chart**



# Market Overview

As of 1:00 pm, 20th Aug. 2020

| MYANPIX | 435.83 ▼ 4.03 |
|---|---|
| Total Volume (shares) | 4,679 |
| Total Value (MMK) | 39 mil |
| Listed Company | 6 |
| Market Cap. (MMK) | 648,500 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▼ 100 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 3,050 | ▼ 50 |

TIR